Referendum on Aboriginal and Torres Strait Islander Voice
Fact Sheet 2

Burmese / မြန်မာစာ

# အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများ၏ သဘောထားထုတ်ဖော်ခွင့် ပြည်သူ့ဆန္ဒခံယူပွဲ

မကြာမီတွင် ဩစတြေးလျ မဲဆန္ဒရှင်များကို ပြည်သူ့ဆန္ဒခံယူပွဲတစ်ခုတွင် မဲပေးရန် တောင်းဆိုမည်ဖြစ်သည်။ ပြည်သူ့ဆန္ဒခံယူပွဲက ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအနေဖြင့် လွှတ်တော်သို့ သဘောထားထုတ်ဖော်ခွင့်တစ်ခုရှိရန် သင့်/မသင့် မေးမြန်းမည်ဖြစ်သည်။ လွှတ်တော်သည် ဩစတြေးလျနိုင်ငံအတွက် ဥပဒေများကို ပြဌာန်းသည့် အဖွဲ့အစည်းဖြစ်သည်။

## လွှတ်တော်သို့ သဘောထားထုတ်ဖော်ခွင့် ဆိုသည်မှာ အဘယ်နည်း။

သဘောထားထုတ်ဖော်ခွင့်ဆိုသည်မှာ အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအပေါ် သက်ရောက်မှုရှိသော ဥပဒေများနှင့်ပတ်သက်၍ အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများက အစိုးရကို အကြံပေးသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘောထားထုတ်ဖော်ခွင့်ကို ရေးသားခြင်းသည် သဘောထားထုတ်ဖော်ခွင့်တွင် အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအပေါ် သက်ရောက်သော ကိစ္စရပ်များနှင့်ပတ်သက်၍ အစိုးရအား အကြံဉာဏ်ပေးရာတွင် အမြဲတမ်း အခန်းကဏ္ဍတစ်ခု ရှိမည့်သဘောဖြစ်သည်။ လွှတ်တော်သို့ သဘောထားထုတ်ဖော်ခွင့်သည် အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအား ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အသိအမှတ်ပြုရန်နှင့် ၎င်းတို့၏ ယဉ်ကျေးမှုကို သိရှိ၊ ဂုဏ်ပြုရန်အတွက် အခွင့်အရေးတစ်ခု ရရှိမည်ဖြစ်သည်။

## အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများသည် လွှတ်တော်သို့ သဘောထားထုတ်ဖော်ခွင့်တစ်ခုကို အဘယ်ကြောင့် တောင်းခံပါသနည်း။

အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများသည် အစိုးရ၏ အသိအမှတ်ပြုမှုကို တောင်းဆိုနေသည်မှာ နှစ်ပေါင်း 100 နီးပါးရှိပြီဖြစ်သည်။ အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများသည် ၎င်းတို့၏ အသိုက်အဝန်းများနှင့် ယဉ်ကျေးမှုများကို အသိဆုံးဖြစ်သည်။ ၎င်းတို့သည် အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအတွက် ပိုမို၍ တရားမျှတပြီး တန်းတူညီမျှမှုရှိသော အတွေ့အကြုံတစ်ခု ဖန်တီးနိုင်သည့် ၎င်းတို့၏အသိုက်အဝန်းများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဖြည့်ဆည်းနိုင်မည့် အကောင်းဆုံး ဖြေရှင်းနည်းများကို သိရှိပါသည်။

## လွှတ်တော်သို့ သဘောထားထုတ်ဖော်ခွင့်က မည်သည်တို့ လုပ်ဆောင်မည်နည်း။

သဘောထားထုတ်ဖော်ခွင့်က အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများထံမှ ၎င်းတို့၏ ဘဝများအပေါ် သက်ရောက်မှုရှိသော ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံဉာဏ်များကို နားထောင်မည်ဖြစ်ပြီး အစိုးရက အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအပေါ် သက်ရောက်မှုရှိသော ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်သည်။

## လွှတ်တော်သို့ သဘောထားထုတ်ဖော်ခွင့်ကို မည်သူက ကိုယ်စားပြုမည်နည်း။

သဘောထားထုတ်ဖော်ခွင့်သည် ဝေးလံသော ဒေသများအပါအဝင် ပြည်နယ်နှင့် နယ်မြေတိုင်းမှ အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသား အုပ်စုတစ်စု ဖြစ်ပါမည်။ ကိုယ်စားလှယ်များကို ၎င်းတို့နယ်မြေရှိ အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများက ရွေးချယ်မည်ဖြစ်သည်။

## လွှတ်တော်သို့ သဘောထားထုတ်ဖော်ခွင့်နှင့်ပတ်သက်၍ အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများနှင့် ဆွေးနွေးခဲ့ပါသလား။

အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသား ထောင်ပေါင်းများစွာက သဘောထားထုတ်ဖော်ခွင့် လိုအပ်သည့်အကြောင်းရင်းနှင့် မည်သို့လုပ်ဆောင်သင့်ပုံတို့နှင့်ပတ်သက်၍ နှစ်ပေါင်းများစွာ အကြံဉာဏ်များ ပေးထားပြီးဖြစ်ပါသည်။ အဘောရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသား 80% ကျော်တို့သည် လွှတ်တော်သို့ သဘောထားထုတ်ဖော်ခွင့်ကို ထောက်ခံပါသည်။



ခွင့်ပြုသည် Tabatha Feher, Life Without Barriers, L6, 107 Pitt St, Sydney, NSW.

## ဥပဒေရေးရာ ကျွမ်းကျင်သူများက ဘာပြောပါသနည်း။

ဖက်ဒရယ်အစိုးရကို ကိုယ်စားပြုသူများအပါအဝင် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ရှေ့နေများက သဘောထားထုတ်ဖော်ခွင့်သည် ဥပဒေအရ ခိုင်မာပြီး ကျွန်ုပ်တို့၏ အစိုးရစနစ်ကို ပိုမိုကောင်းမွန်စေမည်ဟု ဆိုထားပါသည်။

## သဘောထားထုတ်ဖော်ခွင့်သည် ဥပဒေများကို ဖန်တီးနိုင်ပါသလား

မလုပ်နိုင်ပါ။ သဘောထားထုတ်ဖော်ခွင့်တွင် ဥပဒေများကို ဖန်တီးနိုင်သည့် လုပ်ပိုင်ခွင့်မရှိပါ။ ၎င်းသည် အဘောရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအပေါ် သက်ရောက်မှုရှိသော ကိစ္စရပ်များနှင့်ပတ်သက်သည့် အကြံဉာဏ်များကိုသာ ပေးပါမည်။

## အဘောရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအသံ ပြည်သူ့ဆန္ဒခံယူပွဲက မည်သည့်မေးခွန်းကို မေးမြန်းမည်နည်း။

"အဆိုပြုသည့်ဥပဒေ - အဘောရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသား အသံကို ဖော်ဆောင်ခြင်းဖြင့် ဩစတြေးလျနိုင်ငံ၏ အဘောရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများကို အသိအမှတ်ပြုရန်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြောင်းလဲရန်ဖြစ်သည်။ သင်သည် ဤအဆိုပြုထားသော ပြောင်းလဲမှုကို ထောက်ခံပါသလား။"

## ပြည်သူ့ဆန္ဒခံယူပွဲတွင် ကျွန်ုပ် မည်သို့ မဲပေးရမည်နည်း။

ပြည်သူ့ဆန္ဒခံယူပွဲများသည် ရွေးကောက်ပွဲများကဲ့သို့ ဖြစ်သည်။ သင့်ကို အထက်ပါမေးခွန်းနှင့်ပတ်သက်သည့် မဲစာရွက်တစ်ရွက်ကို ပေးမည်ဖြစ်ပြီး သင့်မဲကို ထည့်သွင်းရေတွက်စေရန် အင်္ဂလိပ်ဘာသာဖြင့် 'YES' (ထောက်ခံပါသည်) သို့မဟုတ် 'NO' (မထောက်ခံပါ) ဟု ရေးသားရန်လိုအပ်ပါသည်။ သင်က 'YES' ဟု ရေးပါက သင်သည် အဘောရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော ကိစ္စရပ်များတွင် ၎င်းတို့၏ သဘောထားထုတ်ဖော်ခွင့် ရှိသင့်သည်ကို လက်ခံသည်ဟူသည့် သဘောဖြစ်သည်။

## လူအများစုက YES (ထောက်ခံပါသည်) ဟု မဲပေးလျှင် မည်သို့ဖြစ်မည်နည်း။

သဘောထားထုတ်ဖော်ခွင့်အတွက် လူအများစုက Yes ဟု မဲပေးလျှင် အစိုးရသည် သဘောထားထုတ်ဖော်ခွင့်ကို ပြင်ဆင်ရန် သက်ဆိုင်ရာ ဥပဒေများ ဒီဇိုင်းကို အပြီးသတ်ရန်နှင့် ပြဋ္ဌာန်းရန်အတွက် အဘောရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများနှင့် ဆွေးနွေးမည်ဖြစ်သည်။

## လူအများစုက NO (မထောက်ခံပါ) ဟု မဲပေးလျှင် မည်သို့ဖြစ်မည်နည်း။

လူအများစုက 'No' ဟု မဲပေးလျှင် မည်သည့်မျှ ပြောင်းလဲမည်မဟုတ်ပါ။ အဘောရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများ ရင်ဆိုင်နေရသည့် ပြဿနာများ ဆက်ရှိနေမည်ဖြစ်သည်။ 'No' ဟု မဲပေးခြင်းသည် သင်သည် သဘောထားထုတ်ဖော်ခွင့်ကို သဘောမတူကြောင်း ဆိုလိုပြီး ဤပြည်သူ့ဆန္ဒခံယူပွဲတွင် အဘောရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများကို ပံ့ပိုးနိုင်မည့် အခြားနည်းလမ်း မရှိပါ။

## နောက်ထပ်အချက်အလက်များကို မည်သည့်နေရာမှ ကျွန်ုပ် ရရှိနိုင်မည်နည်း။

နောက်ထပ်အချ
က်အလက်များ

www.lwb.org.au



ခွင့်ပြုသည်- Tabatha Feher, Life Without Barriers, L6, 107 Pitt St, Sydney, NSW.